**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**(ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ဆင့်စာခနည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၄၄/ ၂၀၁၃**

**၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်**

**(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင် စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ဆင့်စာခနည်းဥပဒေများ**ဟုခေါ် တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်စေရမည်။

၃။ ဤနည်းဥပဒေများတွင် -

(က) **“ဘိလစ်”**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဘိလစ်ကို ဆိုသည်။

(ခ) **“အမိန့်ဆင့်စာ”** ဆိုသည်မှာ တရားခံ သို့မဟုတ် တရားပြိုင် သို့မဟုတ် သက်သေသို့ ချအပ်ရန် ဆင့်စာ၊ ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် လူဖမ်းဝရမ်းစာ၊ ထို့ပြင် တရားမနှင့်ဆိုင်သည်ဖြစ်စေ၊ ပြစ်မှုနှင့် ဆိုင်သည်ဖြစ်စေ၊ အများနှင့်ဆိုင်သည်ဖြစ်စေ ထုတ်ဆင့်သည့် နို့တစ်စာ၊ ကြော်ငြာစာ၊ တားဝရမ်းစာ သို့မဟုတ် အမိန့်စာများ ပါဝင်သည်။

**ထားရှိရမည့်မှတ်ပုံတင်စာရင်းစာအုပ်များ**

၄။ ဘိလစ်သည် ပြည်ထောင်စုတရားသူကြီးချုပ်၏ ကြီးကြပ်အုပ်ချုပ်မှုကို နာခံလျက်ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံများ၊ ညွှန်ကြားချက်များနှင့်အညီ အမိန့်ဆင့်စာများကို ချအပ်အတည်ပြုခြင်းနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းစာအုပ်များကို ထားရှိရမည်။

**အမိန့်ဆင့်စာများ ချအပ်အတည်ပြုသည့်အတွက် ကောက်ခံထိုက်သည့်အခကြေးငွေ**

၅။ နည်းဥပဒေ ၆ တွင် ဖော်ပြပါရှိသည့် ကင်းလွတ်ချက်များကို အထောက်အထားပြု၍ အမိန့်ဆင့်စာ ထုတ်စေလိုသူထံမှသော်လည်းကောင်း၊ အမိန့်ဆင့်စာထုတ်လျှင် အကျိုးခံစားရမည့်သူထံမှသော်လည်း ကောင်း အမိန့်ဆင့်စာအသီးသီးအတွက် အောက်ပါနှုန်းထားအတိုင်း အမိန့်ဆင့်စာခများကို ကောက်ခံရ မည် -

| | | | ကျပ် |
|---|---|---|---|
| (က) | ဆင့်စာ | (၁) တရားခံတစ်ဦးလျှင် သို့မဟုတ် | |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | တရားပြိုင်တစ်ဦးလျှင် --------------------------------------- | ၄၀၀ |
| | | (၂) သက်သေတစ်ဦးလျှင် ------------------------------------ | ၃၀၀ |
| (ခ) | အယူခံမှုတွင် အယူခံတရားခံ သို့မဟုတ် အယူခံတရားပြိုင်သို့ | | |
| | ချအပ်ရန် နို့တစ်စာ ----------------------------------------------------- | | ၄၀၀ |
| (ဂ) | ဝရမ်းစာ | (၁) လူဖမ်းဝရမ်းတွင် လူတစ်ဦးလျှင် ------------------------ | ၇၀၀ |
| | | (၂) ပစ္စည်းဖမ်းဝရမ်းတွင် - | |
| | | (ကက) ဝရမ်းစာ သို့မဟုတ် တားမြစ်ချက်အမိန့် | |
| | | စာတစ်စောင်လျှင် ------------------------------------------- | ၇၀၀ |
| | | (ခခ) ဝရမ်းစွဲကပ်သည့်ပစ္စည်းကို စောင့်ကြပ်ကြည့်ရှုသူအသီးသီး | |
| | | အတွက် စောင့်ထိန်းခတစ်နေ့လျှင် ----------------------------------- | ၄၀၀ |
| (ဃ) | အခြားအမိန့်ဆင့်စာ ---------------------------------------------------- | | ၃၀၀ |

**အခကြေးငွေကောက်ခံခြင်းမပြုရသည့် အမိန့်ဆင့်စာများ**

၆။ (က) အောက်ပါအမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ -

(၁) မှားယွင်းမှုကြောင့်သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရွှေ့ဆိုင်းမှုကြောင့် သော်လည်းကောင်း ထုတ်ရသည့် အမိန့်ဆင့်စာ သို့မဟုတ် တစ်ဖန်ပြန်၍ထုတ်ရသည့် အမိန့်ဆင့်စာ၊

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံ၌ဖြစ်စေ၊ အစိုးရရုံးဌာန၌ဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာမူရင်းခွဲ၊

(၃) ဝရမ်းခွာကြောင်း သို့မဟုတ် ရောင်းခြင်းကို ရွှေ့ဆိုင်းကြောင်း အကြောင်းကြားသည့် အမိန့်စာ၊

(၄) လူတစ်ဦးတစ်ယောက်ကို ချုပ်ထားရန်ဖြစ်စေ၊ အချုပ်မှလွှတ်ရန်ဖြစ်စေ အကျဉ်းထောင်တာဝန်ခံ အရာရှိထံ ဆင့်ဆိုသည့် အမိန့်စာ၊

(၅) အခကြေးငွေမကောက်ခံရဟု ဖော်ပြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိအလိုအလျောက် ထုတ်သည့် အမိန့်ဆင့်စာ၊

(၆) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အခွင့်အာဏာကို မထီမဲ့မြင်ပြုသည့်စကားနှင့် အပြုအမူတစ် ရပ်ရပ်အတွက် အရေးယူရန်နှင့် အပြစ်ပေးရန်အလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိအလို အလျောက်ထုတ်သည့် အမိန့်ဆင့်စာ။

၇။ နည်းဥပဒေ ၅ အရ ကောက်ခံရမည့် အမိန့်ဆင့်စာခနှုန်းထားနှင့် နည်းဥပဒေ ၆ အရ ကင်းလွတ်ခွင့်ပြုသည့်အမိန့်ဆင့်စာများစာရင်းတစ်စောင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံတွင် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့် ထင်ရှားမြင်သာသောနေရာ၌ စွဲကပ်ထားရမည်။

၈။ အမိန့်ဆင့်စာများ ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အရပ်ရပ်ကုန်ကျသည့် စာပို့ခများနှင့် အခြား အသေးသုံးစရိတ်များအတွက် အစိုးရက ထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင် နည်းဥပဒေ ၁၀ အရ ပြဋ္ဌာန်း သတ်မှတ်သည့် အမိန့်ဆင့်စာခများအပြင်၊ အခြားမည်သည့် အခကြေးငွေကိုမျှ အမိန့်ဆင့်စာ ထုတ်ပေး စေလိုသူများထံမှသော်လည်းကောင်း၊ အမှုတစ်ခုခုတွင် တရားရုံးက အမိန့်ဆင့်စာခပေးရန် အမိန့်ချမှတ် ခြင်းခံရသော အခြားသူတစ်ဦးဦးထံမှသော်လည်းကောင်း ကောက်ခံခြင်းမရှိစေရ။

**ခြွင်းချက်**။ သို့ရာတွင် အမိန့်ဆင့်စာကို အမြန်ချောစာပို့ဖြင့် လျှောက်သူက ပေးပို့စေလိုသည့်အချက်တွင် အမိန့်ဆင့်စာခအပြင် အမြန်ချောစာပို့ခကို ကောက်ခံရမည်။

**အမိန့်ဆင့်စာခများကို ကောက်ခံရန်နည်းလမ်း**

၉။ အမိန့်ဆင့်စာ ထုတ်ဆင့်စေလိုသူထံမှဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆင့်ဆိုချက်အရ ပေးဆောင်ရမည့်သူထံမှဖြစ်စေ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ရေးသားခြင်းမပြုမီ အမိန့်ဆင့်စာခကို ကောက်ခံရမည်။ ထိုသို့ ကောက်ခံရာတွင် -

(က) နည်းဥပဒေ ၅ (ဂ) (၂) (ခခ) အရ ပြဋ္ဌာန်းသည့် စောင့်ထိန်းခဖြစ်လျှင် ငွေသားဖြင့် ကောက်ခံရ မည်။

(ခ) အခြားအချက်တစ်ရပ်ရပ်တွင် ရုံးခွန်တံဆိပ်ခေါင်းများဖြင့် ကောက်ခံရမည်။ ထိုတံဆိပ်ခေါင်းများကို အမိန့်ဆင့်စာထုတ်ရန် လျှောက်ထားသည့် လျှောက်လွှာတွင်သော်လည်းကောင်း၊ အမိန့်ဆင့်စာကိုထုတ် ရန် ဆင့်ဆိုသည့်အမိန့်စာတွင်သော်လည်းကောင်း ကပ်ရမည်။

(ဂ) အမိန့်ဆင့်စာခများအတွက် ရုံးခွန်တံဆိပ်ခေါင်းများကို လက်ခံရရှိသည့်အခါ ရရှိကြောင်း ပြေစာပေး ရမည်။

**အထွေထွေ**

၁၀။ (က) ပြစ်မှုစီရင်ပိုင်ခွင့်အာဏာ ကျင့်သုံးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ဆင့် သည့် လူဖမ်းဝရမ်းစာများကို အတည်ပြုရန်အတွက် သာမန်အားဖြင့် ရဲစခန်းသို့ ပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချအပ် သို့မဟုတ် အတည်ပြုရမည့် အခြားအမိန့်ဆင့်စာ အရပ် ရပ်နှင့်စပ်လျဉ်း၍ ထိုအမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုစေလိုသည့် မြို့နယ်ရှိ မြို့နယ်တရား ရုံးသို့ပေးပို့ရမည်။

၁၁။ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ဘီလစ်ထံသို့မပို့မီ ထိုအမိန့်ဆင့်စာပေါ်တွင် "အခငွေ ကျပ် ----------- ပေးပြီး"၊ သို့မဟုတ် "နည်းဥပဒေ ၆ (   ) အရ ကင်းလွတ်ခွင့်ပြုသည်" ဆိုသော စကားရပ်ကို ရေးသားရမည်။ ထိုသို့ ရေးရာ၌ နည်းဥပဒေ ၅ အရ ကောက်ခံသည့် အခကြေးငွေ ဖြစ်စေ၊အမိန့်ဆင့်စာကို အခကြေးငွေကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေ ၆ ပါ အပိုဒ်ခွဲပါတ်ဖြစ်စေ သက်ဆိုင်ရာကွက်လပ်တွင် ထည့်သွင်းရမည်။

Myanmar Law Information System (MLIS)

၁၂။ အမိန့်ဆင့်စာကို ချအပ်ရန် အခြားတရားရုံးသို့ ပေးပို့သည့်အခါ သတ်မှတ်သည့် အခကြေးငွေ ကောက်ခံပြီးကြောင်း သို့မဟုတ် အမိန့်ဆင့်စာမှာ အခကြေးငွေ ကင်းလွတ်ခွင့်ပြုကြောင်းကို ထိုအမိန့် ဆင့်စာပေါ်တွင် ရေးသားဖော်ပြ၍ ပေးပို့ရမည်။ ဖော်ပြပါ အမိန့်ဆင့်စာကိုရရှိသည့် တရားရုံးသည် နောက်ထပ် အခကြေးငွေမယူဘဲ အမိန့်ဆင့်စာ ချအပ်ခွင့်ရှိသည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

Myanmar Law Information System (MLIS)